## တင်ပြဆွေးနွေးချက်များ(Documents and Presentations)

၁။ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမွန်း၏ တင်ပြဆွေးနွေးချက်များ

- တီဘီရောဂါကိုရှာဖွေတွေ့ရှိခဲ့သည့် Dr. Robert Koch ကို ဂုဏ်ပြုသည့်အနေနှင့် ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊
- တီဘီရောဂါကုသရေးတွင် မညည်းမညူ ဆောင်ရွက်နေကြသည့် အောင်ဆန်းတီဘီရောဂါ အထူးကုဆေးရုံကြီး၏ ဝန်ထမ်းများထဲမှ ထူးချွန်သူများကို အများဆန္ဒပြု မဲပေး ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်း၊
- ယခု ၂၀၁၈ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ် ကတော့ "တီဘီကင်းစင်ကမ္ဘာသို့ ခေါင်းဆောင်ကောင်းတွေ ရှေ့ဆောင်လို့၊ သမိုင်းမှတ်တမ်း တင်ကြစို့"ဖြစ်ပါကြောင်း၊ တီဘီရောဂါကင်းစင်ရန်အတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတစ်ခုတည်း၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးနှင့် ဝန်ကြီးဌာန တစ်ခုတည်း လုပ်ဆောင်ရုံနှင့် လုံလောက်မှုမရှိဘဲ အခြားဝန်ကြီးဌာနများမှ ခေါင်းဆောင် ကောင်းများကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မီးမောင်းထိုးပြ ထားပါကြောင်း၊
- တီဘီရောဂါချုပ်ငြိမ်းရန် ၊ကင်းစင်ရန်ဆိုသော ရည်မှန်းချက်မှာ အတော်အင်အား စိုက်ထုတ် လုပ်ဆောင်ရမှာဖြစ်ပါကြောင်း၊ ဒီလိုရောဂါ ချုပ်ငြိမ်းအောင်လုပ်ဘို့ဆိုရင် ဘယ်သူတွေက ပါဝင်ပတ်သက်ရန် လိုသလဲ၊ ဘယ်သူတွေက အဓိကအရေးကြီး ပါဝင် နေလဲဆိုတာ မေးစရာရှိလာပြီဖြစ်ပါကြောင်း၊
- ဒီနေ့ကျင်းပတဲ့ ကမ္ဘာ့တီဘီရောဂါ အထိမ်းအမှတ်နေ့ အခမ်းအနားကတော့ ကမ္ဘာကြီးမှာ တီဘီရောဂါကင်းစင်ဘို့အတွက် လောလောဆယ် မိမိအနားမှာရှိနေတဲ့ တီဘီရောဂါကို ကင်းစင်အောင်လုပ်တဲ့ အလုပ်ကနေစလုပ်ကြပါစို့ဟု တင်ပြဆွေးနွေးခြင်း
- တီဘီရောဂါပျောက်ကင်းရေးအတွက်မည့်သည့်အချက်များ လိုအပ်ပါသလဲ ။
- မိမိ အနေနှင့် တီဘီ ၊ ဆေးယဉ်ပါးတီဘီရောဂါရှိကြောင်းအတည်ပြုရပါမည်။

တီဘီသံသယ လူများအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများမှ ကျန်းမာရေး စစ်ဆေးခံရမှာဖြစ်ပါကြောင်း၊ စောစောစီးစီးပြသရန်လိုပါကြောင်းဆွေးနွေးခြင်း

- မိမိ အနေနှင့်တီဘီရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါကိုကုသနိုင်သည့် အစွမ်းထက်သော ဆေးများရှိရပါမည်။ လူနာ၏ခန္ဓာကိုယ်အလေးချိန်နှင့် ကိုက်ညီသော တီဘီဆေးများကို တိုက်ရမည်။ ဆေးတွဲမှန်ရမည်။ အချိန်မှန်ရမည်၊ နေ့စဉ်မပျက်မကွက် သောက်ရမည် ဖြစ်ကြောင်း၊
- မိမိအနေနှင့် အရည်အသွေးပြည့်သော တီဘီဆေးများကို အချိန်မှန်မှန် ၊ ဆေးလုံးရေပြည့် ပြည့်နှင့် စောင့်ကြည့်တိုက်ကျွေးရမည့် ကျန်းမာရေးဝန်ထမ်းများလိုအပ်ပါသည်။ လိုအပ် သော ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သောအသိပညာများ ဖြည့်ဆည်းပေးရန် မွမ်းမံသင်တန်းများကိုလည်း အမြဲပို့ချလျှက်ရှိပါကြောင်းနှင့် တီဘီရောဂါ၊ ဆေးယဉ်ပါး တီဘီရောဂါဆိုတာသေချာအောင်အတည်ပြုပြီး လိုအပ်သောဆေးများလည်းရှိပြီး၊ စောင့်ကြပ်ကြည့်ရှု၊ ဆေးတိုက်မည့်ကျန်းမာရေး ဝန်ထမ်းလည်းရှိပြီဖြစ်ကြောင်း၊

- လူနာအနေနှင့်အရေးကြီးဆုံးကတော့ ဆေးသောက်ရမည့်လူနာကိုယ်တိုင် ဖြစ်ပါကြောင်း၊ လူနာကိုယ်တိုင်က သူ့တွင်ရှိသည့်တီဘီရောဂါ၊ ဆေးယဉ်ပါးတီဘီ အကြောင်းသိရမည်။ လူနာကိုယ်တိုင်ကလည်း ရောဂါကိုသိပြီး ရောဂါပျောက်ချင်စိတ်ရှိရမည်။ ကျန်းမာရေး ဝန်ထမ်းများ၏ ပြောဆိုစကားကိုနားထောင်ရမည်၊ လိုက်နာရမည်။ ကျွန်မတို့ဆေးရုံ အနေနှင့်အခက်အတွေ့ရဆုံးကလူနာပါဘဲ။ လူနာသည်ကျန်းမာရေးအသိရှိပြီး တတ်ကျွမ်း သူ ကျန်းမာရေးဝန်ထမ်းများ၏ ပြောကြားမှု၊ ညွှန်ကြားမှုကို တသွေမတိမ်း လိုက်နာမည် ဆိုပါလျှင် ကျွန်မတို့ဆေးရုံဝန်ထမ်းများအနေနှင့် အတော်လေးကို သက်သာမှာဖြစ် ပါကြောင်း ၊

- သို့သော် တချို့သောလူနာများသည် တယူသန်၊ တဇွတ်ထိုး ၊ဆေးကုသမှုကို ငြင်းဆန် ပြောစကားနားမထောင် ၊ ဆေးရုံစည်းကမ်းမလိုက်နာကြသည်များလည်း ရှိကြသဖြင့် ဆေးရုံတွင် ဝန်ထမ်းအင်အား နည်းပါးသည့်အထဲ ထိုကဲ့သို့သော လူနာမျိုးကြောင့် ဝန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်ရပါကြောင်း၊

- လူနာများ၏ဆင်းရဲဒုက္ခကို ဆေးရုံဝန်ထမ်းများက စာနာသဘောပေါက် နားလည်ပါ ကြောင်း၊ မိမိတို့၏ရရှိသော ရန်ပုံငွေ၊ လှူဒါန်းငွေများအရ လူနာများအတွက် အကောင်း ဆုံး အာဟာရများကိုဖြည့်ဆည်းပေးပါတယ်။ ဆင်းရဲနွမ်းပါးသူများအတွက် လိုအပ်သော

ဆေး၊ ဓာတ်ခွဲစစ်ဆေးခများကိုလည်း ရရှိသည့်ရန်ပုံငွေထဲမှ ပြည့်ပြည့်ဝဝထောက်ပံ့ပေး နေပါသည်။ လိုအပ်သော တီဘီဆေးများနှင့် အခြား အထောက် အကူပြုဆေးဝါးများကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ရရှိသည့် အပြင် ဆေးရုံအတွက်ရရှိသော ဆေးတင်ဒါရန်ပုံငွေကို အသုံးပြု၍ လိုအပ်သော ဆေးများကိုဆေးရုံတက်စဉ်သာမက ဆေးရုံဆင်းရက်ချိန်းပြန်ပြသည့် လူနာများအတွက်ပါ ပြည့်စုံအောင် ထောက်ပံ့လျှက် ရှိပါသည်။

- လူနာများအနေနှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူလက်တွဲ၍ ဆေးယဉ်ပါးတီဘီ၊ တီဘီရောဂါများကို ဆေးကုသမှုခံယူကြပါ။ ဆေးဒဏ်ခံရသည့်အခါတွင်လည်း စိတ်အား မလျှော့ဘဲ စိတ်ဓာတ်ခိုင်မာစွာနှင့် ဆေးကုသမှုခံယူကြပါ။
- ယနေ့ ပြောကြားမည့် ဆရာကြီး၊ ဆရာမကြီးများတွင် တီဘီရောဂါတိုက်ဖျက်ရေးတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်လာကြသော အငြိမ်းစားဆရာဝန်ကြီးများ ပါဝင်ပါတယ်။ ၎င်းတို့၏ အတွေ့အကြုံများအပေါ်အခြေပြု၍ လူနာများ၊ လူနာရှင်များ လိုက်နာကျင့်သုံး ရမည့်အချက်များကို ပြောကြားဆွေးနွေးမှာဖြစ်၍ သေချာနားထောင်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးနိုင်ပါကြောင်း၊
- တီဘီလူနာများအတွက် အဓိကရည်ရွယ်ပြီး ပြုလုပ်သည့် ဒီနေ့ကျန်းမာရေး ဟောပြော ပွဲလေးကို လုပ်ရကျိုးနပ်အောင် ပရိတ်သတ်များက သေချာစူးစိုက်နားထောင်ကြပါ။ ရရှိတဲ့အသိပညာများကို မှတ်သားထားပြီး မိမိအိမ်၊ ရပ်ကွက်၊ လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချခြင်းဖြင့် မိမိအနားမှာရှိနေသော တီဘီရောဂါကိုကင်းစင်အောင် လုပ်ကြတို့ဖြစ်ပါတယ်။ မိမိတစ်ယောက်မှစ၍ မိမိလိုလူပေါင်းများစွာက မိမိအနားရှိသော တီဘီရောဂါကိုကင်းစင်အောင်လုပ်ခြင်းဖြင့် မိမိတို့မြို့မှာ တီဘီရောဂါ ကင်းစင်သွားမှာ ဖြစ်တယ်ဆိုတာကို ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

- ဌာနအသီးသီးမှ တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းနှင့် ကျွန်မတို့၏ လူနာများ မိသားစုဝင်များကိုလဲ ကျေးဇူးတင်ပါကြောင်း၊ ပရိတ်သတ်များကို Ensure တိုက်ကျွေး သော Pahtama Group Co.,ltd အား လည်းကောင်း ၊ ဧည့်သည်တော်များအတွက် ဆီးချို စစ်ဆေးပေးသော ရွှင်ချမ်းကုမ္ပဏီအားလည်းကောင်း ၊ TB Prevalence Survey T Shirt များ ထောက်ပံ့ပေးသော အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ ဗဟို-ရန်ကုန် အား လည်းကောင်း ရုပ်မြင်သံကြား၊ သတင်းစာနယ်ဇင်းမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊

ဝန်ထမ်းများအတွက် ပုဆိုးနှင့်ထမီထောက်ပံ့ပေးပါသော အောင်ကောင်းကျော် ဆောက်လုပ်ရေး ကုမ္ပဏီအားလည်းကောင်း၊ ရန်ပုံငွေကူညီပေးပါသော ကမ္ဘာ့စာနပ်ရိက္ခာ အဖွဲ့အားလည်းကောင်း အထူးအားဖြင့် ဤပွဲကြီးယခုကဲ့သို့ စည်ကားသိုက်မြိုက်စွာ ပြုလုပ်နိုင်ရန် အဓိကရန်ပုံငွေထောက်ပံ့ပေးသော ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၊ ကုသရေးဦးစီးဌာနအားလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်းပြောကြားခြင်း၊

(၂)လူနာများအတွက် လုံလောက်သည့် အာဟာရပံ့ပိုးမှုများသည် တီဘီရောဂါ ပျောက်ကင်း ရေးအတွက် အရေးကြီးကဏ္ဍဖြစ်ကြောင်းကို ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင် က ပြောကြားခြင်း။

(၃) တီဘီရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန်လိုက်နာရမည့် အချက်များကို အငြိမ်းစား ရန်ကုန်တိုင်း တီဘီဆရာဝန်ကြီး ၊ဒေါက်တာဦးမျိုးဇော်မှ ရှင်းလင်းပြောကြားခြင်း။

- **တီဘီရောဂါသည်** M Cobacteria Tuberculosis ခေါ်တဲ့ တီဘီရောဂါပိုးကြောင့်ဖြစ် ပါကြောင်း၊ လူနာတစ်ဦးမှ တစ်ဦးသို့ကူးစက်တတ်သော ရောဂါဖြစ်ပြီး အဆုတ် တွင် အများဆုံးဖြစ်ပွားပါကြောင်းနှင့် သေသေချာချာကုသလျှင် ရောဂါပျောက်ကင်းနိုင်ပါ ကြောင်း ဆွေးနွေးခြင်း၊
- **ဆေးယဉ်ပါးတီဘီရောဂါကတော့** အနည်းဆုံး Insoniazid နှင့် Rifampicin ဆိုတဲ့ တီဘီဆေးနှစ်မျိုး (သို့) ၎င်းထက်ပိုများသော ဆေးများကိုယဉ်ပါးနေသော တီဘီ ရောဂါပိုး ကြောင့်ဖြစ်သော တီဘီရောဂါတစ်မျိုးဖြစ်ပါကြောင်း၊
- **တီဘီနှင့်ဆေးယဉ်ပါး တီဘီရောဂါကူးစက်ပုံမှာ** လေမှတစ်ဆင့်ကူးစက်ပါတယ်။ ချောင်း ဆိုးခြင်း၊ နှာချေခြင်း၊ ရယ်မောခြင်းနှင့် စကားပြောခြင်းများမှ ကူးစက်နိုင်ပါကြောင်း၊ (အဆုတ်မှာတီဘီရော၊ ဆေးယဉ်ပါးတီဘီရောဂါရောအဖြစ်များ)
- ရောဂါကူးစက်မှုကိုထိန်းချုပ်ခြင်းရဲ့ရည်မှန်းချက်များဆွေးနွေးခြင်း၊
- ရောဂါကူးစက်ရခြင်း၏အကြောင်းအချက်များ ဆွေးနွေးပြောကြားခြင်း၊
  (Determinant s of Transmission)
  ရောဂါဖြစ်ပွားနိုင်ချေ (Sus ceplitibility) များအားဆွေးနွေးခြင်း၊

**ခုခံအားကျဆင်းသော လူနာများသည်** တီဘီရောဂါလူနာနှင့် ထိတွေ့ပါက လျှင်မြန်စွာကူးစက်ခံရနိုင်ပါတယ်။

1. HIV ပိုးရှိသူများ ၊
2. ဆီးချိုရောဂါရှိသူများ
3. ကင်ဆာရောဂါသည်များ
4. နာတာရှည် ကျောက်ကပ်ရောဂါသည်များ

**ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်အန္တရာယ်ဆွေးနွေးခြင်း**

**တီဘီနှင့်ဆေးယဉ်ပါးတီဘီရောဂါလွယ်ကူစွာ ကူးစက်မှုခံရနိုင်သော ပုဂ္ဂိုလ်များမှာ** ကျန်းမာရေးဝန်ထမ်းများ၊ တီဘီ/ဆေးယဉ်ပါးတီဘီလူနာများနှင့် အတူနေထိုင်သူများ

- **တီဘီနှင့်ဆေးယဉ်ပါးတီဘီရောဂါကူးစက်လွယ်သောနေရာများမှာ**

(က) တီဘီဆေးရုံများ
(ခ) တီဘီခွဲခန်းများ
(ဂ) တီဘီရောဂါတိုက်ဖျက်ရေးဌာနများ
(ဃ) မြို့နယ်ကျန်းမာရေးဌာနများ
(င) လူနာများနှင့်အတူနေအိမ်များ၊ လုပ်ငန်းနေရာများဖြစ်ပါကြောင်း တင်ပြဆွေးနွေးခြင်း၊

ဆီးချိုရောဂါနှင့်ပတ်သက်သည့် သိကောင်းစရာများကို ဒေါက်တာစုလှိုင် (လက်ထောက်ဆရာဝန်-ဆေးပညာ)က ဆွေးနွေးပြောကြားခြင်း

- ဆီးချိုရောဂါနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း၊

လူနာများကို ပြုစုစောင့်ရှောက်ရမည့်အချက်များကို အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်ဇင်မာမျိုး က ဆွေးနွေး ပြောကြားခြင်း။

- ဆေးရုံမှကျွေးသောအစားအစာများကို လိုက်နာစားသုံးကြရန်၊ လူနာစောင့်များလည်း နှာခေါင်းစည်း စည်းကြရန်နှင့် ဆရာဝန်၊ ဆရာမများနဲ့ အတူပူးပေါင်း ပါဝင်ကြပါရန် ဆွေးနွေးတင်ပြခြင်း၊

ဆေးလူမှုဆက်ဆံရေးမှူး ဦးအောင်ဇော် က
- တီဘီရောဂါပျောက်ကင်းရန် မိသားစု ၏ပြုစုစောင့်ရှောက်မှုသည် အရေးကြီးပါကြောင်း ဆွေးနွေးတင်ပြခြင်း။

ဆေးယဉ်ပါးတီဘီရောဂါခံစားခဲ့ပြီး ကုသမှုပျောက်ကင်းသွားသည့် လူနာဒေါ်စီစီသိန်း က
- ၎င်း၏ အတွေ့အကြုံနှင့် အထူးပြောလိုသည်မှာ ဆေးကိုသေချာစွာ ဂရုစိုက်ပြီး၊ ကုသမှု ခံယူခြင်း၊ စိတ်ဓာတ်မကျသင့်ဘဲ ဆရာ၊ဆရာမများ၏ ပြောစကားများ နားထောင်၍ ပုံမှန်ပြသခြင်း၊ ဆေးထိုးခြင်း၊ ဆေးမှန်မှန်သောက်ခြင်း၊ သလိပ်ပြန်စစ်ခြင်းများ ပြုလုပ်ပါက ကျွန်မလိုပုံမှန် လူကောင်းတစ်ယောက် ပြန်ဖြစ်လာနိုင်ပါကြောင်း ဆွေးနွေးတင်ပြခြင်း။